# ယန္တရား၏ ပွင့်လင်းရင်းမြစ် စုံစမ်းစစ်ဆေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း

## ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေးအဖွဲ့က ဘယ်လို အချက်အလက်တွေကို စုဆောင်းပြီး သုံးသပ်သလဲ၊ ပြီးတော့ ဒီ အချက်အလက်တွေ စစ်မှန်ကြောင်း ဘယ်လိုအတည်ပြုသလဲ။

ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွေနဲ့ ဆက်စပ်နေတဲ့ လူထုထံ ထုတ်ပြန်ထားတဲ့ အချက်အလက်တွေကို စုဆောင်းပြီး စိစစ်သုံးသပ်ပါတယ်။ ဒီထဲမှာ ဆိုရှယ်မီဒီယာတွေ၊ သတင်းတင်ပြချက်တွေ၊ အရပ်ဘက် လူမှုအဖွဲ့ အစည်းတွေရဲ့ မှတ်တမ်းတွေနဲ့ ပထဝီဝင် အချက်အလက်တွေ ပါဝင်ပါတယ်။ ဒီသုံးသပ်မှုတွေက ဖြစ်ရပ်တွေကို ပြန်ပုံဖော်ကြည့်ရှုဖို့၊ ကျူးလွန်သူတွေကို ဖော်ထုတ်ဖို့၊ ပြီးတော့ လူပုဂ္ဂိုလ်တွေ၊ လက်နက်ကိုင်အဖွဲ့တွေနဲ့ သက်ဆိုင်ရာ ဖွဲ့စည်းပုံတွေအကြောင်း နောက်ခံ သုတေသနတွေ ပြုလုပ်ရာမှာ အထောက်အကူ ပြုပါတယ်။ ကျွန်ုပ်တို့ဟာ အချက်အလက်တွေကို အမှီအခိုကင်းတဲ့ ရင်းမြစ်အမျိုးမျိုးနဲ့ ယှဉ်ကြည့်ပြီး၊ ဓာတ်ပုံ ဒါမှမဟုတ် ဗီဒီယိုတွေကို ဘယ်နေရာ၊ဘယ်အချိန်က ရိုက်ကူးထားတာလဲဆိုတာ ဖော်ထုတ်ပါတယ်။ ပြီးတော့ အချက်အလက်တွေရဲ့ ရင်းမြစ်နဲ့ ယုံကြည်စိတ်ချနိုင်မှုကို အကဲဖြတ်ပြီး အတည်ပြုပါတယ်။

ကျွန်တော်တို့က အချက်အလက်တွေကို ပြုပြင်ထားခြင်း၊ ခြယ်လှယ်ထားခြင်း ဒါမှမဟုတ် ဇာတ်လမ်းဆင်ထားခြင်း ရှိ/မရှိကို အကဲဖြတ်ပြီး စစ်မှန်ကြောင်း အတည်ပြုပါတယ်။ ဒါ့အပြင် ကျွန်ုပ်တို့ ရရှိထားတဲ့ ပစ္စည်းတွေကို မှုခင်းဆေးသိပ္ပံပညာ စံနှုန်းတွေနဲ့အညီ ထိန်းသိမ်းပါ တယ်။ အဆင့်ဆင့်လွှဲပြောင်းထိန်းသိမ်းမှုကွင်းဆက်ကိုလည်း လုံခြုံစွာ ထားပြီး၊ ရရှိထားတဲ့ အချက်အလက်တွေကို ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုတွေမှာ အသုံးပြုနိုင်ဖို့ သေချာစေပါတယ်။

## ယန္တရားရဲ့ စုံစမ်းစစ်ဆေးမှုတွေအတွက် ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်မှုက ဘာကြောင့် အရေးပါတာလဲ။

ကျွန်ုပ်တို့အဖွဲ့တွေဟာ မြန်မာနိုင်ငံအတွင်းကို ဝင်ခွင့်မရတာကြောင့် ကွင်းဆင်းစုံစမ်းစစ်ဆေးမှုတွေ မလုပ်နိုင်ပါဘူး။ တစ်ဖက်မှာ လည်း အမှုနဲ့ သက်ဆိုင်နိုင်ခြေရှိတဲ့ အချက်အလက်အများအပြားဟာ အွန်လိုင်းနဲ့ လူထုထံ ထုတ်ပြန်ချက်တွေမှာ ရှိနေပါတယ်။ စုံစမ်း စစ်ဆေးသူတွေက ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်မှုကနေ အချက်အလက်တွေကို စနစ်တကျ ဖော်ထုတ်တယ်၊ အခြေအနေအရပ်ရပ်နဲ့ ဆက်စပ်ကြည့်ရှုတယ်၊ ပုံစံတူဖြစ်ရပ်တွေကို ရှာဖွေနိုင်ပါတယ်။။ ပြီးတော့ ဒစ်ဂျစ်တယ်အထောက်အထားတွေကို သက်သေထွက်ဆို ချက်တွေ၊ တခြားအထောက်အထားတွေနဲ့ ချိတ်ဆက်နိုင်ပါတယ်။ ဒါကြောင့် ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်မှုဟာ ကျွန်တော်တို့ရဲ့ အဓိက စုံစမ်းစစ်ဆေးရေး မဏ္ဍိုင်တစ်ခု ဖြစ်လာပါတယ်။ ရာဇဝတ်မှုကျူးလွန်တဲ့ နေရာတွေကို ကိုယ်တိုင်သွားရောက်ခွင့် မရှိပေမယ့် လည်း ဒီနည်းလမ်းက ကျွန်တော်တို့ရဲ့ စုံစမ်းစစ်ဆေးမှုတွေကို ရှေ့ဆက်ဆောင်ရွက်နိုင်ဖို့ ပံ့ပိုးပေးပါတယ်။

## ပွင့်လင်းရင်းမြစ်အဖွဲ့အနေနဲ့ ရင်ဆိုင်ရတဲ့ အကြီးမားဆုံး စိန်ခေါ်မှုတွေက ဘာတွေလဲ။

မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်သတင်း အခြေအနေက ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်မှုအတွက် ထူးခြားတဲ့ စိန်ခေါ်မှုတွေ ရှိပါတယ်။ အင် တာနက် ဖြတ်တောက်ခံရမှု၊ လူမှုကွန်ရက် ပိတ်ဆို့ခံရမှုနှင့် VPN သုံးစွဲမှုကို ကန့်သတ်တာတွေကြောင့် မြန်မာနိုင်ငံက ရာဇဝတ်မှုတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေဟာ မကြာခဏဆိုသလို နှေးကွေးပြီး မပြည့်မစုံ ဒါမှမဟုတ် အတော်နောက်ကျပြီးမှ ထွက်လာတတ် ပါတယ်။ တစ်ဖက်မှာလည်း အွန်လိုင်းပေါ်က အချက်အလက် ပမာဏဟာ ဆက်တိုက် တိုးများနေပါတယ်။ ဒါကြောင့် စုံစမ်းစစ်ဆေး ရေးအဖွဲ့တွေကို အလွန်အမင်း ဝန်မပိစေဘဲ စိစစ်သုံးသပ်သူများက သက်ဆိုင်တဲ့ အချက်အလက်တွေကို ဖော်ထုတ်ပြီး၊ စနစ်တကျတဲ့ စိစစ်သုံးသပ်ချက်များကို လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ သတင်းမှားတွေနဲ့ သတင်းတု ဖန်တီးဖြန့်ချိမှုတွေကလည်း စိန်ခေါ်မှုကို ပိုမြင့် မားစေပါတယ်။ ဓာတ်ပုံနဲ့ ဗီဒီယိုတွေကို ပြင်ဆင်လှည့်စားမှု၊ အတုဖန်တီးမှု၊ ဉာဏ်ရည်တု (အေအိုင်) နဲ့ ဖန်တီးထားတဲ့ ဒစ်ဂျစ်တယ် လူသားစတဲ့ဉာဏ်ရည်တု နည်းပညာတိုးတက်လာမှုနဲ့ ဆက်စပ်နေတဲ့ အန္တရာယ်အသစ်တွေလည်း ရှိနေပါတယ်။

စုံစမ်းစစ်ဆေးရေးဆိုင်ရာ လိုအပ်ချက်တွေ ဆက်တိုက်များလာနေချိန်မှာပဲ အရင်းအမြစ် ကန့်သတ်ချက်တွေကြောင့် ကျွန်ုပ်တို့ရဲ့ ဝန်ထမ်းအင်အားနဲ့ အထူးပြု စိစစ်သုံးသပ်ရေးကိရိယာတွေ ရယူသုံးစွဲနိုင်မှုဟာ ဖိအားတွေ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် လုပ်ငန်း ဆောင်ရွက်မှုတွေ နှောင့်နှေးကြန့်ကြာပြီး ဦးစားပေးရွေးချယ်လုပ်ဆောင်ဖို့ ခက်ခဲစွာ ဆုံးဖြတ်လာရပါတယ်။

## ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်သူကောင်းတစ်ယောက်ဖြစ်ဖို့ ဘယ်လိုအရည်အချင်းတွေ လိုအပ်သလဲ။ ထိရောက်တဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ဖို့ ဘာတွေ လိုအပ်သလဲ။

ပွင့်လင်းရင်းမြစ် စိစစ်သုံးသပ်သူကောင်းတစ်ယောက်ဟာ ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ ဆုံးဖြတ်ချက်၊ စူးစမ်းလိုစိတ်နဲ့ ဇွဲရှိ သူ ဖြစ်ဖို့ လိုအပ်ပါတယ်။ အွန်လိုင်းပလက်ဖောင်းတွေနဲ့ နည်းပညာတွေ ပြောင်းလဲတိုးတက်လာတာနဲ့အမျှ မိမိရဲ့ ကျွမ်းကျင် မှုတွေကို အဆက်မပြတ် မြှင့်တင်နိုင်သူလည်း ဖြစ်ရပါမယ်။

ထိရောက်တဲ့ ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုမှာ အဖွဲ့ဝင်အချင်းချင်း ဖြည့်စွက်ပံ့ပိုးပေးနိုင်တဲ့ ကျွမ်းကျင်မှုတွေကို အတူပေါင်းစပ် လုပ်ကိုင်ရပါတယ်။ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ စုံစမ်းစစ်ဆေးရေး အတွေ့အကြုံ၊ နည်းဗျူဟာနဲ့ မဟာဗျူဟာပိုင်းဆိုင်ရာ စိစစ်သုံးသပ်နိုင်မှုစွမ်းရည်၊ စီးပွားရေးလုပ်ငန်းနဲ့ ဘဏ္ဍာရေးဆိုင်ရာ နားလည်သဘောပေါက်မှုတွေ အားလုံး က ပိုမိုအားကောင်းတဲ့ သုံးသပ်ချက်တွေ ထွက်လာစေပါတယ်။ ဥပဒေရေးရာ ကျွမ်းကျင်မှုကလည်း ရရှိထားတဲ့ သုံးသပ်ချက်တွေကို နောက်ဆုံး ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုတွေမှာ အသုံးပြုနိုင်စေပါတယ်။

ဘာသာစကား ကျွမ်းကျင်မှုနဲ့ ဒေသဆိုင်ရာ နားလည်မှုတွေကလည်း အလွန်အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ ကျွန်ုပ်တို့ အဖွဲ့ဟာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင် ဗဟုသုတရှိသူတွေ၊ မြန်မာနိုင်ငံရဲ့ မတူညီတဲ့ ဒေသတွေနဲ့ ဘာသာစကားတွေကို ကိုယ်စားပြုတဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်တာကြောင့်ပွင့်လင်း ရင်းမြစ်က ရရှိတဲ့အချက်အလက်တွေကို တိကျမှန်ကန်စွာ ဘာသာပြန်ဆိုနိုင်မှုနဲ့ အခြေအနေအရပ်ရပ်နဲ့ ဆက်စပ်ပြီး အနက်ဖွင့်ဆိုနိုင် မှုကို ပိုမိုအားကောင်းစေပါတယ်။